# တရားဥပဒေ
# တွေးခေါ်မြော်မြင်ရေး



ဦးချမ်းအေး
ဗဟိုတရားရုံးရှေ့နေ

# အမှာ စာ

ဤစာအုပ်၏ အမည်သည် အင်္ဂလိပ်လိုသာလျှင် Jurisprudence ဟူ၍ ဖြစ်ပါမည်။ သို့ရာတွင် ဤစာလုံးကို မြန်မာလို ဆီလျော်အောင် ပြန်ဆိုဖို့ ဦးနှောက်ခြောက်လောက်အောင် အတော်စဉ်းစား ခဲ့ရပါသည် ။ ဥပဒေတွေးခေါ် ပညာရှင်များ သည် ၎င်း၊ အဘိဓာန်များကၡ၎င်း၊ ဤအင်္ဂလိပ်စာလုံးကိုပင် အမျိုးမျိုး အနက်ပေးထားပြန်သောအခါ အနက်အလုံးစုံကိုလည်း ခြုံငုံမိစေရန်၊ အသုံးအနှုန်းလည်း တိုစေတုတ်စေဟူ၍ ရွေးချယ်ရန်မှာ မဖြစ်နိုင်လောက်အောင် ဖြစ်ခဲ့ရပါသည် ။ စာအုပ်ပါ အကြောင်းအရာများကို ရှင်းလင်းအောင် ရေးနိုင်ရန် အပတ်တကုတ်ကြိုးပမ်းနေရစဉ်၌ စာအုပ် အမည်ပါ တိုတိုတုတ်တုတ်နှင့် လိုရင်းမိဖို့ ရွေးချယ်ရေးမှာ ဧရာမတာဝန်ကြီးလို ဖြစ်ခဲ့ရပါသည် ။

အထက်ဖော်ပြပါ အင်္ဂလိပ်စကားလုံးကို အချို့က "တရားဥပဒေတွေးခေါ်မြော်မြင်ရေး" ၁(philosophy of law ) ဟူ၍ အနက်ဖွင့်ပါသည် ။ အချို့က တရားဥပဒေဆိုင်ရာ သိပ္ပံပညာဟု အနက်ဖွင့်ပါသည် ။ ထို့ကြောင့် တွေးခေါ်မြော်မြင်ရေးလော၊ သိပ္ပံပညာ၂(legal science) လောဟု ခွဲခြားရခက်လာပြန်သည် ။ စင်စစ်၌ တွေးခေါ်မြော်မြင်ရေးနှင့် သိပ္ပံပညာတို့ ခြားနားချက် တူညီချက် စသော အခြေခံသဘောတရားများကို ဤအမှာ စာတွင် ကျွန်တော်မဆွေးနွေးဝံ့ပါ။ နက်နဲလွန်းလှသည် ဖြစ်ပြီး ကျမ်းအစောင်စောင်ကို မှီငြမ်းရမည်ဖြစ်၍ ဤအမှာ စာ

တွင် လည်း ဆန့်လိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် မြေစမ်း ခရမ်းပျိုးသည့် အနေဖြင့်လည်း အကြောင်းတစ်ချက်တည်းကို အားကိုးကာ ဤစာအုပ်ကို "တရားဥပဒေ တွေးခေါ်မြော်မြင်ရေး" ဟု အမည်ပေးထားလိုက်ပါသည် ။ ကျွန်တော်အားကိုးသော အကြောင်း အချက်ဆိုသည် မှာ သိပ္ပံပညာသည် တွေးခေါ်မြော်မြင်ရေးအမြင်နှင့် ကင်းလွတ်သည် ကား မဟုတ်။ သိပ္ပံပညာတိုးတက်မှု၏ အထွဋ်အထိပ်အဆုံးတွင် တွေးခေါ်မြော်မြင်ရေးက ခေါင်းချုပ်ထားသည် ဆိုသော အချက်ပင် ဖြစ်ပါသည် ။

ဤစာအုပ်တွင် မျက်မှောက်ခေတ် တရားဥပဒေဆိုင်ရာ အတွေးအခေါ် အမျိုးမျိုးကို သူ့ဂိုဏ်းနှင့် သူခွဲကာ အစီအစဉ်ပြု၍ ရှင်းလင်းထားပါသည် ။ အတွေးအခေါ်တို့ သည် အနောက် တိုင်းမှ အစပျိုးကြသည် ဟု ဆိုစေကာမူ ကမ္ဘာတခွင်သို့လည်း အနှံ့ပြန့်နှံ့ပါသည် ။ ဤအတွေးအခေါ်တို့ သည် အင်္ဂလိပ်တို့ မြန်မာမြေမချခင်ကလည်း အရိပ်အရောင်များ ပြလျက် ရှိခဲ့ပါသည် ။

အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးသည့် နောက်၌ မူ ဤအတွေးအခေါ်တို့ သည် မြန်မာ့တရားဥပဒေလောက၌ အထင်အရှား ဖြစ်ခဲ့ပါသည် ။

မျက်မှောက်ခေတ် တရားဥပဒေအတွေးအခေါ်များကို ရှင်းလင်းဖော်ပြရာ၌ သူ့တရားကိုယ် အတိုင်း ဖော်ပြရုံမျှမက ဝေဖန်သုံးသပ်၍ လည်း ရှင်းလင်းထားပါသည် ။ ယင်းသို့ ဝေဖန်သုံးသပ်ရာတွင် ဆိုရှယ်လစ်အမြင်နှင့် သုံးသပ်ထားပါသည် ။ အဓိကကျမ်းကိုးအဖြစ် အသုံးပြုသည့် စာအုပ်မှာ ဆိုဗီယက်ရုရှမှ ဥပဒေပါမောက္ခ ဗွီအေတူမာနော့ဗ်၏ "မျက်မှောက် ဘူဇွာတရား ဥပဒေအတွေးအခေါ် " မည်သော စာအုပ် ဖြစ်ပါသည် ။

တရားဥပဒေ တွေးခေါ်မြော်မြင်ရေး ကျမ်းစာအုပ်တို့ သည် နိုင်ငံခြား

စာတို့ ဖြင့်သာ ရှိခဲ့၍ မြန်မာလို ရေးသားခဲ့ခြင်းမရှိဟု ထင်ပါသည် ။ ဤအထင်အတိုင်း မှန်ကန်ပါလျှင် ဤစာအုပ်သည် တရားဥပဒေ တွေးခေါ်မြော်မြင်ရေးပိုင်း၌ ပထမဆုံး မြန်မာလိုထုတ်ဝေသော စာအုပ်ဖြစ်ပါသည် ။ ပထမဆုံး မြန်မာလို ရေးသားရသဖြင့်လည်း အတတ်ပညာဆိုင်ရာ အသုံးအနှုန်းတို့ သည် စာဖတ်သူ အတွက် အနည်းငယ်စိမ်းနေပါလိမ့်မည်။ သို့ရာတွင် ဤစာအုပ်သည် ဥပဒေပညာ အတော်အတန် တီးခေါက်မိသူတို့ အတွက် အဓိက ရည်စူးသည် ဖြစ်ရာ အောက်ခြေမှတ်စုတွင် ဖော်ပြထားသော မူရင်း အင်္ဂလိပ်အသုံးအနှုန်းများ ဖြင့် ယှဉ်တွဲ ဖတ်ကြည့်လိမ့်မည်ဟု ယုံကြည်မိပါသည် ။

ကျွန်တော်သည် ဤစာအုပ်မရေးသားမီ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ၌ တရားဥပဒေ အတွေးအခေါ်များ အကြောင်းကို ငါးကြိမ်မျှဆက်ကာ ရေးသားခဲ့ပါသည် ။ ထိုသို့ ရေးသားပြီးနောက် အတွေးအခေါ်အားလုံးနီးပါးကိုခြုံ၍ စာအုပ်အဖြစ် အကျယ်ရေးသားလျှင် ကောင်းလေစွဟု အတွေးပေါက်ခဲ့ပြီး လုပ်သားပြည်သူ့နေ့စဉ်တွင် အရေးရပ်ခဲ့ကာ ဤစာအုပ် ပြီးမြောက်အောင် အလုပ်များ နေသည့် အကြားမှ အချိန်လု၍ ရေးသားခဲ့ကြပါသည် ။ ထို့ကြောင့် ဤစာအုပ်တွင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ပါသော ဆောင်းပါးလေးငါးပုဒ်နှင့် အသစ်ဖြည့်စွက် ရေးသားရသော အကြောင်းအရာအသစ်များ ပါဝင်ပါသည် ။

ဤစာအုပ်ဖြစ်မြောက်အောင် လက်နှိပ်စက်ဖြင့် စိတ်ရှည်လက်ရှည် အချိန်မီရိုက်နှိပ်ပေး

သော မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ဇော်ကုန်းရပ်နေ (အငြိမ်းစား) ကိုမျိုးသန့်ကိုငင်း၊ လုပ်သား ပြည်သူ နေ့စဉ်သတင်းစာတွင် ပါသော ဆောင်းပါးများကို တရိတသေ သိမ်းဆည်းပေးထားသော အယ်ဒီတာချုပ် ဦး

လှမြိုင်ကိုငင်း၊ ဤစာအုပ်ရေးနေစဉ်တွင် နောက်ဆံမတင်းအောင် ကျွန်တော် လိုက်နေရသော အမှုကိစ္စများကို ချောမောအောင် စီစဉ်ပေးသူ မောင်သောင်းရွှေကိုငင်း၊ စာမူများ ကို မပျောက်ပျက်အောင် သိမ်းဆည်းပေးထားသော ဇနီးအားငင်း၊ စာမူများကို မာတိကာစဉ် လိုက်အောင် ဆောင်ရွက်ပေးသော ဥပဒေသင်တန်း နောက်ဆုံးနှစ်သမား မောင်မျိုးအောင်ကိုငင်း၊ ကျေးဇူးတင်၍ မဆုံးနိုင်ကြောင်း ဖော်ပြအပ်ပါသည် ။ သို့ရာတွင် အမှားအယွင်းနှင့် ချွတ်ယွင်းချက် တို့ ရှိပါမူ ငင်းတို့ အတွက် ကျွန်တော်သာ တာဝန်ရှိပါလိမ့်မည်။

ချမ်းအေး

မော်လမြိုင်မြို့

နေ့စွဲ၊ ၁၉၇၆- ခုနှစ်၊

စက်တင်ဘာလ (၁) ရက်နေ့။

*****

## ပေါ့စတိဝါဒနှင့် ဥပဒေ

ပြင်သစ် `ကိုဓတရားဥပဒေ´ ပုဒ်မ (၄)တွင် ဥပဒေမရှိ၍ အမှုကို ပလပ်လိုက်သည် ဟူ၍ မရှိရ။ ဆိုင်ရာဥပဒေ မရှိဟူသော အကြောင်းပြချက်ဖြင့် အမှုတခုကို လက်ခံစီရင်ရန် ငြင်းဆန်သော တရားသူကြီးသည် အပြစ်ပေးခံရမည်ဟု ပြဋ္ဌာန်းထားပါသည် ။ ဤပြဋ္ဌာန်းချက်နောက်ကွယ်တွင် ဥပဒေဆိုင်ရာ အတွေးအခေါ်တရပ်ရှိပါသည် ။ ဤအတွေးအခေါ်ကို ပေါ့စတိဝါဒ၁(Positive)ဟု ခေါ်သည် ။

ယင်းဝါဒအလိုအရ ဥပဒေဟူသည် အရှိကိုအရှိအတိုင်း ဆင်ခြင်လျှင် ယုတ္တိဗေဒ (လောဂျစ်) နည်းအရ စီမံထားချက်သာ ဖြစ်ပါသည် ။ ယုတ္တိယုတ္တာကို အလုံးစုံဆင်ခြင်၍ ဖော်ပြ ထားခြင်း မျှသာဖြစ်ပါသည် ။ ထို့ကြောင့် အခြေခံအကြောင်းအချက် တခုရှိလျှင် ထိုမှ ယုတ္တိယုတ္တာ သဘောဆောင်ထားခြင်း၂(logical construct) ဖြစ်လေရာ မည်သည့် မှုခင်းကိုမဆို ဤသဘောဖြင့် စီရင်၍ ရနိုင်အံ့သည် ဟု ဆိုပါသည် ။ ထို့ကြောင့် ဥပဒေမရှိ၍ အမှုလက်ခံဟု မရှိစေရ။ စာနှင့် ပေနှင့် ရေးသား ပြဋ္ဌာန်းထား သော ဥပဒေမရှိလင့်ကစား ယုတ္တိဗေဒနည်းဖြင့်ဆင်ခြင်၍ အမှုကို စီရင်နိုင်သည် ဟု ဆိုလာပါ သည် ။

`ဤအမြင်မှ မည်သည့် ကောက်ချက်ကို ဆွဲလာပါသနည်း။ ဥပဒေကိုစီရင်သော တရား သူကြီးကို ကျယ်ပြန့်သော အာဏာပေးရမည်ဟု ဆိုလာပါသည် ။ ရှိရင်းစွဲဥပဒေများ ဖြင့် တရား သူကြီးကို ချုပ်ချယ်ထား

ရာ ရှိရင်းစွဲဥပဒေများ နှင့် မလုံလောက်သည့် အခါတွင် ယုတ္တိဗေဒနည်းလမ်း ဖြင့် ကျိုးကြောင်းသုံးသပ်ပြီး စီရင်နိုင်သည် အထိ ကျယ်ပြန့်သော အခွင့်အာဏာများ ပေးထားရ မည်ဟု ဆိုပါသည် ။ ထိုမှ ဥပဒေမရှိလျှင် တရားသူကြီးရှိသည် ဟူသော အယူအဆတစ်ရပ် တိုးတက်ဖော်ထုတ်ခဲ့ကြပါသည် ။ ဥပဒေနှင့် တရားသူကြီးကို မျက်နှာချင်းဆိုင် ထိပ်တိုက်ထား သုံးသပ်ကြပါသည် ။ မူလ ပေါ့စတိဝါဒအရ ဥပဒေသည် ယုတ္တိသဘော ဆောင်ထားခြင်းဖြစ်၍ အလုံးစုံ တရားမျှတမှုရှိသည် ။ သို့ရာတွင် ခေတ်သစ် ပေါ့စတိဝါဒတီထွင်သူများက ဤအချက်ကို အကြွင်းမဲ့မယုံကြည်ကြ။ ဥပဒေကို ချိုးဖောက်သော ဥပဒေများ ပင်ရှိနိုင်သည် ။ လူ့ကျင့်ဝတ်ထုံးများ နှင့် မကိုက်ညီသော ဥပဒေရှိနိုင်သည် ဟု ဖော်ပြလာပါသည် ။ ထိုသို့ ဖော်ပြပြီးသည့် နောက် ဥပဒေ တရပ်သည် ဆိုးသည်၊ မတရားသည်၊ လူ့ကျင့်ဝတ်စည်းနှင့် မညီသည်၊ ဥပဒေချိုးဖောက်သော

သဘောဆောင်သည် စသည် တို့ ကို တရားသူကြီးကသာ ဆုံးဖြတ်ရမည်ဟု ဆိုလာပါသည် ။ တရားသူကြီးသည် ဥပဒေတိုင်းကို တရားသည်ဟု ယူဆပြီး လက်ခံကျင့်သုံးရန် မဟုတ်။ မမှန်ကန် မတရားသည့် ဥပဒေတို့ ကို ငြင်းဆန်နိုင်သည် ။ သို့အားဖြင့် ပေါ့စတိဝါဒသည် တရားသူကြီး၏ လွတ်လပ်စွာ စီရင်ပိုင်ခွင့်အာဏာကို လှုံ့ဆော်၍ တရားဥပဒေပေါ်ပေါက်စေရာ ဇစ်မြစ်ပိုင်းတွင် တရားသူကြီးလုပ် ဥပဒေစနစ် ၁(judge-made law) (စီရင်ထုံးကို) ကြီးစွာ နေရာပေးထားလေသည် ။ တရားမျှတမှုသည် ဥပဒေတွင် မှီခိုသူမရှိဟု လည်း ဆိုလာပါသည် ။

မူလ ပေါ့စတိဝါဒက ဤသို့ဆိုပါသည် ။ တရားဥပဒေနောက်ကွယ်တွင် နိုင်ငံတော်ရှိသည် ။ ထို့ကြောင့် တရားဥပဒေဟူသည် နိုင်ငံတော်၏ အထွဋ်အထိပ် စိတ်ပြဋ္ဌာန်းချက်သာ ၂(will)ဖြစ်သည် ။ ဥပဒေသည် နိုင်

ငံတော်က ထုတ်လုပ်လိုက်သော ပစ္စည်းဖြစ်သည် ။ ထို့ကြောင့် ဥပဒေကို ပြဋ္ဌာန်းရန် တာဝန်အလုံးစုံကို နိုင်ငံတော်လက်ထဲ၌ သာ ဝ ကွက်အပ်ထားရမည်။ ဥပဒေပြုအာဏာကို နိုင်ငံတော်ကသာ လက်ဝါးကြီးအုပ်ထားခွင့် ရှိသည် ဟု ဆိုပါသည် ။ ထိုမှ ဥပဒေမှန်သမျှသည် နိုင်ငံတော်ဥပဒေဖြစ်ရမည်ဟု ဆိုပါသည် ။ နိုင်ငံအာဏာသည် သာ ဥပဒေပေါက်ဖွားရာ တခုတည်း ဇစ်မြစ်ဖြစ်ရမည်။ ယင်းသို့ နိုင်ငံတော်နှင့် ဥပဒေကို တထပ်တည်းထားခြင်းကြောင့် ဤမူလ ပေါ့စတိဝါဒသည် နိုင်ငံတော်သက်သက်ဝါဒကို ပေါ်ပေါက်စေသည် ဟု သုံးသပ်ခဲ့ကြပါသည် ။ ဖက်ဆစ်ဂျာမနီနိုင်ငံ၌ ဤပေါ့စတိဝါဒကို အခြေခံလျက် နာဇီဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည် ။ ဆိုရှယ်လစ်ဝါဒသည် ဤမည်သော နိုင်ငံတော်သက်သက်ဝါဒကို ဆန့်ကျင်ပါသည် ။ ဒုတိယကမ္ဘာ စစ်ကြီးအပြီး၌ စစ်တရားခံများစာရင်းတွင် နာဇီတရားသူကြီးအချို့လည်း ပါခဲ့ပါသည် ။ ထိုတရားခံ တရားသူကြီးတို့ က ပေါ့စတိဝါဒကို အားကိုးလျှင် တရားဥပဒေမှန်သမျှသည် ပြီးပြည့်စုံ၍ တရား မျှတမှုရှိသည် ။ ထို့ကြောင့် နာဇီဥပဒေများ သည်လည်း တရားမျှတမှုရှိ၍ တရားမျှတမှုရှိသော တရား ကို စီရင်ရာသည် ဖြစ်၍ ၎င်းတို့ ၌ ပြစ်မှုမရှိဟု ထုချေခဲ့ပါသည် ။ သို့သော် နူးရင်ဘတ်တရားရုံးတော်မှ လူ့အခွင့်အရေးနှင့် လူ့ကျင့်ဝတ်ကိုဆန့်ကျင်သော နာဇီဥပဒေများကို ၎င်းတို့ စီရင်ခဲ့သည် ဖြစ်၍ အပြစ်ရှိသည် ဟု ဆုံးဖြတ်ခံပါသည် ။

ပေါ့စတိဝါဒသည် တရားဥပဒေစိုးမိုးရေးကို လှုံ့ဆော်ပါ၏။ထိုသို့ လှုံ့ဆော်ရသည် မှာ ဤဝါဒ

အရ ဥပဒေသည် ပြီးပြည့်စုံ၍ တရားမျှတမှုရှိ၍ အနက်ဖော်သောကြောင့် ဖြစ်ပါသည် ။ ထို့အပြင် နိုင်ငံတော်ကို ဥပဒေများ စုရုံးထားသော စနစ်အဖြစ် မြင်ထားသောကြောင့် လည်း ဖြ

စ်ပါသည် ။ နိုင်ငံတော်၏ လုပ်ငန်းတိုင်းသည် ဥပဒေနှင့် ညီအောင်၊ နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းတိုင်း လည်း ဥပဒေနှင့် ညီအောင်၊ တာဝန်ဝတ္တရားတိုင်းလည်း ဥပဒေနှင့် ညီအောင် ရှောင်ကြဉ်စေခြင်းဖြင့် တရားဥပဒေစိုးမိုးရမည်ဟု ဆိုပါသည် ။ ဤမျှအထိ ကောင်းမွန်သောမူဝါဒဖြစ်ပါသည် ။ သို့ရာတွင် နောက်ပိုင်း၌ ပေါ့စတိဝါဒကို ပြင်ဆင်လာကြပါသည် ။ ထိုပြင်ဆင်ချက်များ အရ ဥပဒေပြုလုပ်ပြဋ္ဌာန်း ခွင့်ကို နိုင်ငံတော်ကသာ လက်ဝါးကြီးအုပ်ထားခြင်းသည် မမှန်ကန်ဟု ဆိုလာပါသည် ။ နာဇီတို့ က ပေါ့စတိဝါဒကိုကျင့်သုံး၍ နာမည်ပျက်ခဲ့သည် ကို တုံ့ပြန်သည့် သဘော ဖြစ်ပါသည် ။

နိုင်ငံတော်က လက်ဝါးကြီးအုပ်ထားသော ဥပဒေပြုအာဏာကို လျှော့ရမည်။ လောက၌ လူတို့ သည် အများ နှင့် ရောနှောနေထိုင်ရန်အလို့ ငှာ ``စံ´´များ ရှိကြသည် ။ ဤစံတို့ သည် တမျိုး တစားတည်း မဖြစ်နိုင်။ တနေရာတည်းမှ မပေါက်ဖွားနိုင်။ နေရာအမျိုးမျိုးမှ အကြောင်းအမျိုးမျိုးဖြင့် ပေါက်ဖွားနိုင်သည် ။ ထို့ကြောင့် `စံ´ ပြုလုပ်ပြဋ္ဌာန်းရေးကို နိုင်ငံတော်ကသာ လက်ဝါးကြီးမအုပ် သင့်။ နိုင်ငံတော်၌ သာ ဤ`စံ´များ မွေးဖွားရာ ဇစ်မြစ်ဆိုသည် မှာ မမှန်။ ထို့ကြောင့် နိုင်ငံတော်၏ စံပြုလုပ်မှု လက်ဝါးကြီးအုပ်ခြင်းကို တစတစလျှော့သွားစေရမည်။ ဥပဒေကို နိုင်ငံတော်သဘော ဆောင်ခြင်း ၁(destating the law)ကို ရုပ်သိမ်းစေရမည်။ ဤအယူအဆ၏ ယုတ္တိအဆုံးကား တရားသူကြီးလုပ် စီရင်ထုံး များ တန်ခိုး အာဏာတက်ရေးပင် ဖြစ်ပါသည် ။

**[၁၉၇၅ ခု၊ အောက်တိုဘာလ ၂၈ ရက်၊**
**လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ]**

*****